# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 30, 2020 Volume 27, Number 20


**၃၀.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၇၈/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၆၆/- ကျပ် |
| CBM Rate | = ၁၄၆၅.၅ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၁၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၇၅.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၀၃.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၆.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၈၆.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၄၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၃.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၅၈.၄၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၀၇၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## ပြည်တွင်းကုမ္ပဏီ ၁၇၀၀ ကို အိန္ဒိယအစိုးရက မတ်ပဲတင်သွင်းခွင့်ပြု




အိန္ဒိယအစိုးရက ပြည်တွင်းကုမ္ပဏီ ၁၇၀၀ခန့်ကို ကုမ္ပဏီတစ်ခုလျှင် မတ်ပဲ တန်ချိန် ၁၃၉ တန်စီ တင်သွင်းခွင့်ပေးလိုက်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရက ဇန်နဝါရီ ၂၀ ရက်မှာ အစည်းအဝေး လုပ်ပြီးတော့ ကုမ္ပဏီတစ်ခုစီကို တန် ၁၃၀ ကျော်စီ သွင်းခွင့်ပေးလိုက်တယ်။ မတ်ပဲတွေကို နိုင်ငံတကာကနေ တင်သွင်းမှာဖြစ်တယ်။ မြန်မာကုန်သည်တွေက ကိုယ့်အချိတ်အဆက်နဲ့ကိုယ် ဆက်လက်တင်ပို့ရောင်းဝယ်ကြမှာဖြစ်တယ်။ တင်ပို့တဲ့အခါမှာ အိန္ဒိယဆိပ်ကမ်းအရောက် ပို့ပေးရမှာဖြစ်တယ်။ အဓိကအခက်အခဲက တင်သွင်းခွင့်ကို မတ် ၃၁ ရက် နောက်ဆုံးထားပြီးတော့ ပို့ရမှာဖြစ်တော့ အချိန်က သိပ်မရဘူး ဖြစ်နေတယ်။ အခုတင်ပို့ရမယ့် အချိန်က ဖေဖော်ဝါရီလ တစ်လနဲ့ မတ်လ တတိယပတ်လောက်အထိပဲရနိုင်တော့ အချိန်ကအခက်အခဲပဲဟုပြောသည်။ အိန္ဒိယအစိုးရက ၂၀၁၉-၂၀ ဘဏ္ဍာ နှစ်အတွက် မတ်ပဲတန်ချိန် နှစ်သိန်းခွဲ ထပ်မံတိုးမြှင့်၍ ယခုနှစ်မတ် ၃၁ ရက် နောက်ဆုံးထား၍တင်သွင်းခွင့်ပြုထားသည်။

အိန္ဒိယ အစိုးရက ၎င်းပြည်တွင်း ပဲခွဲစက်နှင့် ပဲသန့်စင်မှုလုပ်ငန်းလုပ်ကိုင်သူများသို့ တင်သွင်းခွင့်ကိုတာများ ခွဲဝေချပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သွင်းကုန်လုပ်ငန်းရှင်များက မတ် ၃၁ ရက်နောက်ဆုံးထား၍ အိန္ဒိယဆိပ်ကမ်းသို့ အရောက်ပေးပို့ရမည်ဖြစ်သည်။ အိန္ဒိယဗဟိုအစိုးရနိုင်ငံ၏ နိုင်ငံခြား ကုန်သွယ်မှု မူဝါဒအရ ၂၀၁၇ ခုနှစ်မှစ၍ ကန့်သတ်ကုန်စည်အဖြစ် သတ်မှတ်ထားသည့် မတ်ပဲကို ပြည်ပကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာနကကိုတာတန်ချိန် လေးသိန်းအထိသာ အများဆုံးတင်သွင်းမည်ဟု ကန့်သတ်ခဲ့သည်။ သို့သော် အဆိုပါကန့်သတ်မှုသည် အိန္ဒိယအစိုးရက နှစ်နိုင်ငံချင်း သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက လက်မှတ်ရေးထိုးထားရှိသည့်နားလည်မှုစာချွန်လွှာများနှင့် သက်ဆိုင်ခြင်းမရှိကြောင်းသိရသည်။

မြန်မာနိုင်ငံဘက်မှာ တင်ပို့ခွင့် လိုင်စင်တွေရတဲ့အချိန်ကျမှပဲ ဈေးကွက်အခြေအနေက ပြောလို့ရမယ်။ ခုအနေအထားအတိုင်းဆိုရင်တော့ ဈေးနှုန်းကအေးနေဦးမှာပဲဟု မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။ အိန္ဒိယနိုင်ငံအတွင်း ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်းက ရွာသွန်းခဲ့သည့်မိုးကြောင့် ပဲစိုက်ခင်းများပျက်စီးခဲ့မှုကြောင့် ယခင်ချမှတ်ထားသည့် ကန့်သတ်ချက်များကိုကျော်လွန်၍ ပြည်ပမှထပ်တိုးတန်ချိန်သတ်မှတ်၍ ဝယ်ယူရန်

ပြင်ဆင်နေခြင်းဖြစ်ကြောင်း ကုန်သည်များကပြောသည်။ အိန္ဒိယက လိုအပ်ချက်အရတော့ မြန်မာကဝယ်ယူနေဦးမှာပါပဲ။ ဒါပေမယ့် အိန္ဒိယမှာပေါက်နေတဲ့ ဈေးနှုန်းအတိုင်းတော့ မြန်မာကမရရှိဘူး။ အမြဲတမ်းတစ်တန်ကို ကန်ဒေါ်လာ ၂၀၀ ကနေ၂၅၀ ကြား ဈေးကွာဟတယ်။ သူတို့ဝယ်ယူတာ အားကောင်းတဲ့အခါမှာ ပြည်တွင်းမှာ ဈေးနှုန်းတက်လာပြီးတော့ ဝယ်ယူမှု နည်းလာတဲ့အခါမှာ ဈေးနှုန်းကျဆင်းလာတဲ့ အလှုပ်အခတ်တော့ ရှိတယ်။ သဘော်ပြန်တင်မယ့် ရက်တွေဆိုရင်တော့ ဈေးက မြောက်လာတယ်။ အိန္ဒိယက မတ်ပဲဝယ်မယ်လို့ ထုတ်ပြန်လိုက်တဲ့အပတ်က တစ်တန်ကို ကျပ် ၁၆၀၀၀၀ လောက် ဈေးတက် လာတာကနေ အခုလက်ရှိအချိန်မှာတော့ တစ်တန်ကို ကျပ် ၁၁၀၀၀၀ လောက်ပဲ ဈေးပိုရတော့တယ်ဟု ဦးမင်းကိုဦးက ဆက်လက်ပြောသည်။ လက်ရှိ ရန်ကုန် ပဲဈေးကွက်အတွင်း မတ်ပဲအဟောင်းတစ်တန်လျှင် ကန်ဒေါ်လာ ၇၀၀ မှ ၈၀၀ ကြား၊ အခွံချွတ်အလုံးခြမ်းတစ်တန်လျှင် ကန်ဒေါ်လာ ၁၀၆၀ မှ ၁၉၀၀ ကြား၊ အခွံပါအခြမ်း တစ်တန်လျှင် ကန်ဒေါ်လာ ၉၂၅ မှ ၉၅၀ ကြား အသီးသီးရှိနေသည်။

ယခင်ဘဏ္ဍာနှစ်က ထိုနည်းအတိုင်းအချိန်ကန့်သတ်၍ တင်သွင်းခွင့်ပြုခဲ့သော်လည်း ၎င်းပြည်တွင်းကုန်သည်များက အချိန်ကိုထပ်မံတိုးပေးရန် တောင်းဆိုခဲ့မှုကြောင့် သတ်မှတ်ကာလအတိုင်း မတင်သွင်းနိုင်ခဲ့သည့်ပဲများကို အိန္ဒိယဗဟိုအစိုးရ၏ ဒေသန္တရခွင့်ပြုချက်ဖြင့် ခွင့်ပြုခဲ့ကြောင်းသိရသည်။ အိန္ဒိယတွင် ပဲသီးနှံပျက်စီးမှုဧကများပြားနေခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် အတွက် မတ်ပဲလိုအပ်ချက်ကြီးလာနိုင်ပြီး တင်သွင်းခွင့် ပိုမိုများပြားလာနိုင်ကြောင်း ကုန်သည်များကသုံးသပ်သည်။ အိန္ဒိယ၌ ၂၀၁၉ ခုနှစ်၊ မုတ်သုံရာသီကာလ မိုးသည်းထန်စွာရွာသွန်းမှုနှင့်ရေကြီးနစ်မြုပ်မှုကြောင့် ပဲမျိုးစုံစိုက်ဧကဟတ်တာ ၁၁ သိန်းခန့် ပျက်စီးခဲ့ကြောင်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က ပဲမျိုးစုံတန်ချိန် သိန်း ၂၅၀ ကျော် ထုတ်လုပ်နိုင်ခဲ့သော်လည်း ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် တန်ချိန် သိန်း ၂၃၀ ခန့်သာ ထုတ်လုပ်နိုင်ခဲ့၍ တန်ချိန် သိန်း၂၀ ခန့် လျော့နည်းထုတ်လုပ်ခဲ့ကြောင်းသိရသည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆၄ သန်းကျော်တွင် မတ်ပဲတန်ချိန် ခြောက်သိန်းကျော်ပါဝင်ပြီး ကန်ဒေါ်လာ တစ်ဘီလျံကျော်ရရှိထားပြီး ယခင်နှစ်ထက် တန်ချိန်သုံးသိန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။

**မြန်မာတောင်သူကြီးများ ဂျာနယ်**

**Source:** http://htwettoe.com/article-details/news/8687940

## မင်းဘူး(စကု)မြို့နယ်တွင် GAP နည်းစနစ်ဖြင့် နွေနှမ်းသီးနှံ ဧက ၁၅၀ စိုက်ပျိုးမည်ဟုဆို



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ် နွေသီးနှံစိုက်ကာလတွင် နွေနှမ်းစိုက်ဧက ၂၂၀၀၀ ကျော် အထိ စိုက်ပျိုးမည်ဖြစ်ကာ GAP နည်းစနစ်ဖြင့် စမုန်နက်နှမ်းမျိုး စိုက်ဧက ၁၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း မင်းဘူး (စကုမြို့နယ်) စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ "မင်းဘူး (စကု) မြို့နယ်အတွင်း ယခုနှစ်နွေကာလမှာ နွေနှမ်းသီးနှံကို စိုက်ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးမှာဖြစ်ပါတယ်။ အပူရှိန်ပြင်းတဲ့ နွေရာသီကာလမှာ စိုက်ပျိုးမှာဖြစ်တဲ့အတွက် နှမ်းစိုက်မယ့် တောင်သူတွေကို မျိုးကောင်း၊ မျိုးသန့်တွေ ဖြန့်ဖြူးရောင်းချပေးဖို့အတွက် မြန်မာ့နှမ်းစိုက် တောင်သူများအသင်းအဖွဲ့၊ ပြီးခဲ့တဲ့မိုးရာသီက မျိုးပွားထားသော ပေါင်းစုလုပ်အားကူညီပေးရေးအဖွဲ့ရယ် ပူးပေါင်းပြီး မျိုးပွားစိုက်ပျိုးထုတ်လုပ်ထားတဲ့ စမုန်နက်နှမ်းမျိုးတင်း ၃၀၀ အသင့်သိုလှောင်ထားပြီး တောင်သူတွေစိုက်ချိန်အမီ လက်ဝယ် ရောက်ရှိရေးအတွက် ဖြန့်ဖြူးရောင်းချပေးမှာဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းနိုင်ဝင်းကပြောသည်။

ယခုနှစ်နွေကာလတွင် နွေနှမ်းစိုက်ဧက ၁၅၀ ကို GAP နည်းစနစ်ဖြင့် စမုန်နက်နှမ်းမျိုးများ စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၊ CSRနှင့် ပူးပေါင်းပြီး စိုက်ဧက ၁၀၀၊ ဘက်စုံစံပြကျေးရွာတွင် ဧက ၅၀ စိုက်ပျိုးမည်ဖြစ်ပြီး စိုက်ဧက ၁၅၀

အတွက် စမုန်နက်နှမ်းမျိုးများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် အသင့်သိုလှောင်ပြီးဖြစ်ကြောင်း ၎င်းကရှင်းလင်းပြောကြားသည်။ "ကျွန်တော်တို့ဒေသက ဆည်ရေသောက်ဒေသဖြစ်တာကြောင့် တစ်နှစ်ကို သုံးသီးစားစိုက်ပျိုးကြပါတယ်။ အရင်ကတော့ နွေကာလမှာ နွေစပါးစိုက်ပျိုးခဲ့ပြီး အခုနောက်ပိုင်း သုံးနှစ်ရှိပြီ နွေနှမ်းကို ပြောင်းလဲစိုက်ပျိုးခဲ့တယ်။ နွေစပါးထက် နွေနှမ်းက ကုန်ကျစရိတ်သက်သာပြီး အမြတ်အစွန်းပိုရတယ်။ ရေလိုအပ်ချက်အရလည်း စပါးထက်နွေနှမ်းက သုံးပုံတစ်ပုံလောက်ဆိုစိုက်ပျိုးလို့ရတယ်။ ဒါကြောင့် နွေနှမ်းစိုက်ပျိုးဖို့ ပြင်ဆင်နေပါပြီ"ဟု မင်းဘူး (စကု) မြို့နယ် ကျောက်ခဲကျေးရွာနေ တောင်သူဦးသန်းလွင်ကပြောသည်။ မင်းဘူး (စကု) မြို့နယ်အတွင်း ယခင်နှစ် နွေနှမ်းစိုက်ရာသီ၌ နွေနှမ်းစိုက်ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပြီး GAP နည်းစနစ်ဖြင့် စိုက်ဧက ၁၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134566.html

## မြန်မာ့ဖရဲဈေးနှုန်းများ ထက်ဝက်ကျော်ကျဆင်း

တရုတ်ပြည်ကိုတင်ပို့နေတဲ့ မြန်မာ့ဖရဲဈေးနှုန်းများမှာ တရုတ်ယွမ်ငွေထက်ဝက်ကျော်ကျဆင်းသွားကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ သိရပါတယ်။ တရုတ်နိုင်ငံ ဝူဟန်မြို့မှာဖြစ်ပေါ်နေတဲ့ အရေးပေါ်ရောဂါ အခြေအနေကြောင့် တရုတ်ကိုသွားတဲ့ နယ်စပ်လမ်းကြောင်းများမှာ ကန့်သတ်ပိတ်ပင်မှုများ ဖြစ်ပေါ်နေတဲ့အတွက် ဝယ်လိုအား ကျဆင်းလာကာ မြန်မာ့ ဖရဲဈေးနှုန်းများ ထက်ဝက်ကျော် ကျဆင်းသွားတာ ဖြစ်တယ်လို့ မြန်မာနိုင်ငံဖရဲ၊ သခွားစိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောပါတယ်။ တရုတ်မှာဖြစ်နေတဲ့ အခြေအနေတွေနဲ့ကြောင့်မို့လို့ နယ်စပ်လမ်းကြောင်းတွေကလည်း ကန့်သတ်ပိတ်ပင်ချက်တွေရှိနေတော့ ဝယ်လိုအားကလည်း မရှိတော့ဘူး ဆိုတော့ ဈေးနှုန်းက အရမ်းကျသွားတယ်။ တရုတ်ငွေနဲ့ဆို ၂ ပုံ ကျော်ကျော်လောက်ကျသွားတယ်။ ဒါတောင် အရည်အသွေးကောင်းတာတွေပဲ တင်ပို့နေရတယ်။ မြန်မာ့ဖရဲဈေးနှုန်းမှာ ယခုလဆန်းပိုင်းက ဖရဲကုန်တင်ကား (၁၇) တန်တစ်စီးကို ယွမ် ၄၅၀၀၀ ရရှိခဲ့ပြီး အခုလက်ရှိမှာ ယွမ် (၁၆၀၀၀) သာ အမြင့်ဆုံးရှိနေကြောင်း အဆိုပါအသင်းမှ သိရပါတယ်။ မြန်မာ့ဖရဲကို တရုတ်ကိုအဓိကထား တင်ပို့နေပြီး အခြားပြည်ပဈေးကွက်များကိုလည်း တင်ပို့နေတာဖြစ်ကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။



**Source:** https://greenwaymyanmar.com/posts/decrease_price_of_watermelon

## ဝူဟန်ပိုင်းရပ်စ်ကြောင့် ဖရဲသီး၊ သခွားမွှေးသီးတန်ချိန် ခုနစ်သိန်းခန့် တရုတ်သို့ပို့ ရန်ကျန်ရှိနေ

ဝူဟန်ပိုင်းရပ်စ်ကြောင့် မူဆယ်နယ်စပ်ဂိတ်ပိတ်ထားသည့်အတွက် ဖရဲသီး၊ သခွားမွှေးသီး တန်ချိန်ခုနစ် သိန်းခန့် တရုတ်သို့ပို့ရန်ကျန်ရှိနေကြောင်း မြန်မာနိုင်ငံ ဖရဲသခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဗဟိုအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းက ဇန်နဝါရီလ ၂၉ ရက်က ပြောသည်။ "တစ်နှစ်ကို ဖရဲတန်ချိန်ပေါင်း ရှစ်သိန်းကျော်၊ သခွားမွှေးတန်ချိန်ပေါင်းက တစ်သိန်းခွဲကျော် အမြဲတမ်း နစ်စဥ်တင်ပို့နေပါတယ်။ စတင်ပို့တာ ဖရဲကတန်ချိန်နစ်သိန်းဝန်းကျင်၊ သခွားမွှေးက နည်းနည်းပဲ တင်ပို့ရသေးတယ်။ ခါတိုင်းထက်ဆိုရင် လေးပုံတစ်ပုံလောက်ပဲတင်လို့ရသေးတယ်။ အနာဂတ်ကတော့ တောင်သူတွေအတွက် အင်မတန်အခြေအနေမကောင်းမှာဖြစ်ပါတယ်"ဟု ဥက္ကဋ္ဌကပြောသည်။

ဖရဲသီး၊ သခွားမွှေးသီးစိုက်ပျိုးထုတ်လုပ်တင်ပို့သူများ၏ အခက်အခဲများနှင့်ပတ်သက်၍ယနေ့ (ဇန်နဝါရီလ ၂၉ ရက်) က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က မြန်မာနိုင်ငံဖရဲသခွားမွှေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ ဗဟို အသင်းမှ တာဝန်ရှိသူများအားခေါ်ယူတွေ့ဆုံခဲ့ကြောင်းသိရသည်။ ဝန်ကြီးချုပ်အနေဖြင့် ဖေဖော်ဝါရီလတွင်ကျင်းပမည့် သွေးချင်းတို့ရဲ့ပွဲတော်နှင့် မြေပဒေသာကျွန်းတွင် လာရောက်ရောင်းချလိုပါက စီစဉ်ပေးမည်ဖြစ်ပြီး ရေရှည်အတွက်လည်း ကူညီဆောင်ရွက်ပေးရန် စီစဉ်ပေးမည်ဖြစ်ကြောင်းလည်းသိရသည်။ "တရုတ်ဈေးကွက်တစ်ခုပဲရှိတဲ့အတွက် ရန်ကုန်တို့ ဘာတို့ဆိုတာက မျှော်လင့်ချက်မရှိပါဘူး။ မူဆယ် ဈေးကွက်အခုလို ကျိုးသွားပြီဆိုတော့ မူဆယ်မှာ အစီး ၃၀၀ လောက်ကုန် ပေမယ့် ရန်ကုန်မှာ တော့ အစီး ၂၀ လောက်ကုန်မှာမဟုတ်ဘူး။ ဖရဲသီးကိုလာအပုပ်ခံသလိုဖြစ်သွားမှာ ပါ။လက်ရှိအခြေအနေ ကတော့ ရောဂါမြန်မြန်ပျောက်ပြီးတော့ လမ်းကြောင်းမြန်မြန် ပွင့်ပါစေလို့ပဲ ဆုတောင်းရမယ့် အဖြစ်မျိုးပါပဲ။ အစိုးရကနေ တခြားပြည်ပနိုင်ငံတွေကို ထုတ်ပေးနိုင်ရင် တော့အဆင်ပြေနိုင်တယ်"ဟု တရုတ်သို့ ဖရဲသီးတင်ပို့နေသည့် ကုန်သည်ဖြစ်သူ ကိုဇော်မင်းကပြောသည်။ ဖရဲသီး နှင့်သခွားမွှေးသီးများကို ပို့ကုန်အဖြစ် ရည်ရွယ်ပြီး စိုက်ပျိုးထားသည့်အတွက် နိုဝင်ဘာလမှ မေလကုန်အထိသီးနှံများထွက်ရှိပြီး ဖေဖော်ဝါရီလသည် သီးနှံပိုမိုထွက်ရှိသည့် လလည်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2722628877772887?__tn__=K-R

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၆)ခု အတည်ပြုပေးခဲ့

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း(၆)ခုကို ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀) တွင် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုပေးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီက ဇန်နဝါရီ ၃၀ ရက် တွင်ထုတ်ပြန်ခဲ့သည်။

အဆိုပါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၉.၈၅၂ သန်း ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း (၁,၉၀၄)ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုး၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမျိုးအောင်ငွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**Source : Xinhua Myanmar**

https://news.ydnp.net/327256/

## ပြည်ပဖားမျိုးနှင့် ဒေသဖားမျိုးစပ် ဖားမွေးမြူရေးလုပ်ငန်း အောင်မြင်မှုရရှိနေ

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်မှာ ပြည်ပဖားမျိုးစိတ်နဲ့ ဒေသဖားမျိုးစိတ်ပေါင်းစပ်ကာ ဖားသားပေါက် မွေးမြူရေး လုပ်ငန်း အောင်မြင်နေတယ်လို့ ဖားမွေးမြူရေးလုပ်ကိုင်သူတွေက ပြောပါတယ်။ မာန်အောင်မှာ ဖားမွေးမြူရေးလုပ်ငန်းကို ၂၀၁၇ ခုနှစ်က စတင်လုပ်ဆောင်တာဖြစ်ပြီး လက်ရှိမွေးမြူသူ ၅ ဦးရှိပါတယ်။ ပြည်ပဖားတမျိုးတည်း မွေးမြူရာမှာ ရာသီဥတုနဲ့ကိုက်ညီမှုမရှိတဲ့အတွက် သေဆုံးတာရှိခဲ့ပြီး အခုဒေသဖားမျိုးစိတ်နဲ့ သားဖောက်စနစ်ပြုလုပ်ကာ မွေးမြူတဲ့ အခါမှသာ အောင်မြင်မှုရရှိလာတယ်လို့ ရခိုင်ပြည်နယ် မာန်အောင်မြို့က ဖားမွေးမြူသူ ကိုကျော်ဆန်းထွေးကပြောပါတယ်။ "ပြည်ပဖားသီးသန့်မွေးကြည့်တော့ ဒီကရာသီဥတုနဲ့ ကိုက်ညီမှုမရှိလို့ သေကျေပျက်စီးမှုများတယ်။ ၂၀၁၈ မှာတော့ ဒေသဖားတွေကိုဝယ်ပြီး ပြည်ပဖားနဲ့ သဘာဝစနစ် မျိုးစပ်ပြီးသားဖောက်တယ်။ အခုဆို အဆင်ပြေတယ်အောင်မြင်တယ်။" လက်ရှိ ပြည်တွင်းဖြစ် ဒေသဖားတွေမှာ အလွန်ရှားပါးနေပြီး စားသုံးသူအတွက် လုံလောက်မှုမရှိတဲ့အတွက် ပြည်ပနိုင်ငံတွေ ကနေ မှာယူစားသုံးနေကြရပြီး မြန်မာပြည်တွင်းမှာ မွေးမြူထုတ်လုပ်ရေးစနစ်တခု ဖြစ်ပေါ်လာဖို့ ရည်ရွယ်

လုပ်ဆောင်နေတယ်လို့ သိရပါတယ်။

ဖားမွေးမြူရေး လုပ်ဆောင်ရာမှာ ဖားအရွယ်အစားအလိုက် ရောဂါပိုးမွှား မဖြစ်စေဖို့ ကာကွယ်ရေးနည်းစနစ်တွေကို အထူးလုပ်ဆောင်ရပြီး ဖားတွေ စားသုံးဖို့ အစာပြုလုပ်ရေးစနစ်မှာ အခက်အခဲရှိတဲ့အတွက် ဖားစာ ထုတ်လုပ်တဲ့နည်းစနစ်ကို အစိုးရအနေနဲ့ ကူညီထောက်ပံ့ပေးဖို့ လိုအပ်နေပါတယ်။ ဖားမွေးမြူသူ ကိုကျော်ဆန်းထွေးက "ကျနော်တို့က ဖားမွေးမြူရေးစနစ်မှာ ဖားတွေကို အရွယ်အစားအလိုက်ခွဲပြီး ထိန်းသိမ်းစောင့်ရှောက်ရေးပြုလုပ်ဖို့ အရေးကြီးတယ်။ ပြီးတော့ ဖားစာထုတ်လုပ်မှုစနစ်က အရမ်းအခက်အခဲရှိတယ်။ အခု ထိုင်း၊ ဗီယက်နမ် စတဲ့ဘက်က အစာကို မှာယူနေရတယ်။ အဲဒါကြောင့် ပြည်တွင်းက ဖားစာထုတ်လုပ်နိုင်တဲ့ ဖားစာထုတ်လုပ်တဲ့ နည်းစနစ်ကို အစိုးရက ထောက်ပံ့ပေးဖို့လိုတယ်။" မြန်မာနိုင်ငံမှာ ဖားမွေးမြူတဲ့လုပ်ငန်းကို ၂၀၁၅ ခုနှစ်က စတင် စမ်းသပ်မွေးမြူလာကြပြီး ပေါ်မုန်းနဲ့ သားဖောက်တာရှိသလို သဘာဝအတိုင်း ဖားသားဖောက်တဲ့ နည်းစနစ်နဲ့လည်း လုပ်ဆောင်ကြပါတယ်။

အခုအခါမှာ ဖားမွေးမြူရေးစနစ်ကို ရခိုင်ပြည်နယ်၊ မြစ်ကြီးနား၊ ရန်ကုန်တိုင်း၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းတို့မှာ မွေးမြူနေရပြီး ဖားသားပေါက် တကောင်ကို ကျပ် ၂၀၀ အကောင်ကြီး တပိဿာကို ကျပ် ၉၀၀၀ မှ ၁၅၀၀၀ အထိ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ဈေး ဖြစ်နေတယ်လို့ သိရပါတယ်။

**Source : DVB**

https://news.ydnp.net/327140/

## မိုင်းလားတွင် ကိုရိုနာဗိုင်းရပ်စ်ဂယက်ကြောင့် ကုန်ဈေးနှုန်းများမြင့်တက်

ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ ၄ မိုင်းလားနယ်မြေထဲမှာ တရုတ်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုဂယက်ကြောင့် ရောင်းဝယ်မှုကျဆင်းပြီး ကုန်ဈေးနှုန်းတွေလည်း မြင့်တက်နေပါတယ်။ အရင်ကတရုတ်ဘက်ခြမ်းကလာတဲ့ ဈေးသည်တွေ၊ ခရီးသွားဧည့်သည်တွေနဲ့ စည်ကားနေတဲ့ မိုင်းလားမြို့ဟာ အခုတော့ ခြောက်ကပ်နေပြီး ကုန်ဈေးနှုန်းတွေလည်း မတန်တဆ မြင့်တက်နေတယ်လို့ မိုင်းလားဒေသခံတစ်ဦးက ဒီဗွီဘီကိုပြောပါတယ်။ "အရင်တုန်းက မိုင်းလားဘုရားတောင်ပေါ်မှာ လာလည်တဲ့လူတွေအပြည့်ပဲ၊ အခုဆို ဘယ်သူမှမရှိဘူး။ အရက်ဆိုင်၊ ဘားဆိုင်၊ ကာရာအိုကေဆိုင်၊ အပျော်အပါးဆိုင်တွေ တိတ်နေတယ်။ ဈေးထဲမှာလည်း ခြောက်ကပ်ကပ်ဖြစ်နေတာ လေးငါးရက်လောက်ရှိပြီ။ ဟင်းသီးဟင်းရွက်တွေလည်း ဈေးတက်ကုန်တယ်။ ဥပမာ မုန်ညှင်းဆို အရင်က ၁ စီးကို ၂ ယွမ်၊ အခုက ၄-၅ ယွမ်၊ မှိုဆိုရင် အရင်က ၅ ယွမ်ကို ၂ ထုတ်ရတယ်။ အခုက ၁ ထုတ်ကို ၅ ယွမ်၊ အဆိုးဆုံးက နှာခေါင်းစွပ်တွေ၊ ဒီကလူကြီးတွေက အပြင်ထွက်ရင် နှာခေါင်းစွပ်ရမယ်လို့ ပြောထားတော့ လူတိုင်းဝယ်ရတာလေ၊ အရင်က အစွပ် တစ်ခုကို ၁ ယွမ် အခုက ၅ ယွမ်ထိပေးရတယ်။"

အခုလို မိုင်းလားမှာ လူခြေတိတ်ပြီး ကုန်ဈေးနှုန်းတွေကြီးရတာကတော့ တရုတ်နှစ်သစ်ကူးမို့ တရုတ်ဘက်ကမ်း ကလူတွေ ပြန်ကုန်ကြတာနဲ့ ကူးစက်ရောဂါကြောင့် တရုတ်ဘက်က သွားလာခွင့်ပိတ်ထားလို့ ပြန်ဝင်လာလို့မရသလို လာရောက် လည်ပတ်သူတွေမရှိတော့တာကြောင့်ဖြစ်ပါတယ်။ မိုင်းလားဈေးထဲက ရောင်းကုန်တွေဟာ ၃ ပုံ ၂ ပုံက တရုတ်ဘက်က တင်သွင်းတာဖြစ်ပါတယ်။ မိုင်းလားမှာအခုလို ကုန်ဈေးနှုန်းတွေ တက်သွားတာနဲ့ပတ်သက်ပြီး ကုန်သည်တွေအနေနဲ့ ကုန်ပစ္စည်းတွေအလုအယက်ဝယ်ယူပြီး သိုလှောင်တာမပြုဖို့၊ ပစ္စည်းပြတ်တာကို အခွင့်ကောင်းယူပြီး ကုန်ဈေးနှုန်း မြှင့်တင် ရောင်းချခြင်းမပြုဖို့နဲ့ မလိုက်နာရင်အရေးယူမယ်လို့ မိုင်းလားကုန်သွယ်ရေးနဲ့ကူးသန်းရောင်းဝယ်ရေး ဗဟိုဈေးအုပ်ချုပ်ရေး ရုံးကသတိပေးထုတ်ပြန်ထားပါတယ်။ သတိပေးချက်အတိုင်း မလိုက်နာတာကိုတွေ့ရှိရင် မိုင်းလားဒေသ အခွန်ဦးစီးဌာန ဖုန်းနံပတ် ၁၄၇၈ ၈၀၆၆၆၉၅၊ စီးပွါးရေးလုပ်ငန်းဌာန ၁၃၅၇၈၁၃၅၁၂၃၊ နမ့်ပမ်းဒေသဆွတ်လွေ ပူးပေါင်း စစ်ဆေးရေးဂိတ် ၁၅၀၁၂၁၅၄၀၄၉၊ အခွန်ဦးစီးဌာနခွဲ ၁၈၀၀၈၈၁၂၁၂၉၊ မိုင်းလားဗဟိုဈေး အုပ်ချုပ်ရေးရုံး ၁၅၈၁၂၀၆၆၆၁၊ ၁၅၈၉၄၃၃၆၆၆၉ ကို တိုင်ကြားနိုင်တယ်လို့လည်း အသိပေးကြေညာထားပါတယ်။ မိုင်းလား အထူးဒေသ ၄ ဟာ ရှမ်းပြည်နယ်အရှေ့ပိုင်းမှာတည်ရှိပြီး ဦးစိုင်းလင်းဦးဆောင်တဲ့ PSC/NDAA တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဟာ ၁၉၈၉ ခုမှာ အစိုးရနဲ့အပစ်ရပ်စာချုပ်ချုပ် ပြီးတဲ့နောက် ၂၀၀၈ အခြေခံဥပဒေအရ မိုင်းလား၊ ဆီလူး၊ နမ့်ပန်း စတဲ့ မြို့နယ် ၃ ခုကိုစုစည်းပြီး အထူးဒေသ ၄ အဖြစ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

Source: http://burmese.dvb.no/archives/369215, DVB TV News

## ရှေ့ခြေတစ်လှမ်းတိုးလိုက်တဲ့ အိန္ဒိယရဲ့ကုလားတန်စီမံကိန်း

**မြန်မာနိုင်ငံကို တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင် ရောက်ရှိလာသောအချိန်တွင် မြန်မာနှင့်တရုတ်နှစ်နိုင်ငံအကြား ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းပေါင်းများစွာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ တရုတ်သမ္မတ၏ ခရီးစဉ်ပြီးနောက်အိန္ဒိယကလည်း မြန်မာနိုင်ငံနှင့် ချိတ်ဆက်ဆောင်ရွက်နေသော ၎င်းတို့၏ အကြီးမားဆုံးစီမံကိန်းကြီးနှင့်ပတ်သက်၍ သတင်းစကားပါးလာခဲ့သည်။** နှစ်နိုင်ငံအစိုးရသဘောတူညီမှုဖြင့် အကောင်အထည်ဖော်နေသော မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံလုံးအတွက် မဟာဗျူဟာကျသည့် ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်းကြီး၏ တစ်စိတ်တစ်ပိုင်းဖြစ်သော စီမံကိန်းအချို့ စတင်လည်ပတ်တော့မည့် သတင်းစကားဖြစ်သည်။ အိန္ဒိယအစိုးရသည် မြန်မာနိုင်ငံအစိုးရသို့ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများအတွက် ကူညီထောက်ပံ့သည့် ပစ္စည်းများကိုလည်း ပြီးခဲ့သည့် ဇန်နဝါရီ ၂၁ ရက်တွင် ပေးအပ်ခဲ့သေးသည်။

ကုလားတန် ဘက်စုံသုံးသယ်ယူပို့ဆောင်ရေး စီမံကိန်း၏ ပင်မအသက်သည် နှစ်နိုင်ငံလုံး၏ ကုန်းကြောင်းနှင့် ရေကြောင်းနှစ်ရပ်လုံးဖြင့် ချိတ်ဆက်စီးဆင်းစေနိုင်ရန်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံရှိ ကာလကတ္တားမြို့နှင့် မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ စစ်တွေမြို့ကို ပင်လယ်ရေကြောင်းဖြင့် ဆက်သွယ်မည်ဖြစ်သလို စစ်တွေမြို့မှ ချင်းပြည်နယ်၊ ပလက်ဝသို့ချိတ်ဆက်၍ ယင်းမှတစ်ဆင့် အိန္ဒိယနိုင်ငံရှိ မီဇိုရမ်ပြည်နယ်သို့ ကုန်းလမ်းကြောင်းဖြင့်လည်း ဆက်သွယ်ကြမည်။ ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း၏ အစိတ်အပိုင်းကြီးတစ်ခုဖြစ်သော ကာလကတ္တားမှစစ်တွေသို့ချိတ်ဆက်နိုင်ရန် စစ်တွေဆိပ်ကမ်းနှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့တို့တွင် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဆိပ်ကမ်းတို့ကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည်။ ထို့ကြောင့် စစ်တွေဆိပ်ကမ်းနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဆိပ်ကမ်းတို့အတွက် အော်ပရေတာများကို ရွေးချယ်ထားပြီး မကြာမီစတင်လည်ပတ်တော့မည်ဟု အိန္ဒိယသံရုံးက ထုတ်ဖော်ပြောဆိုလာပြီး ဆိပ်ကမ်းလည်ပတ်ပါက ကာလကတ္တားမှ စစ်တွေသို့ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလမ်းခရီးပေါက်ရောက်ပြီဖြစ်သည်။

"အိန္ဒိယဘက်က ရေကြောင်းအတွက် ဆိပ်ကမ်းတွေ ပြီးပြီလို့ ပြောပါတယ်။ ကုန်းလမ်းကြောင်းတွေတော့ ဆက်လက်လုပ်နေဆဲလို့ သိရပါတယ်။ ဆိပ်ကမ်း စ လည်ပတ်ပြီဆိုရင် ရခိုင်ပြည်နယ်အတွင်းသာမကဘဲ တစ်နိုင်ငံလုံးက ကုန်စည်တွေက ရေလမ်းကြောင်းနဲ့ အိန္ဒိယဘက်ကို ကုန်သွယ်နိုင်ပြီ ဖြစ်ပါတယ်"ဟု ရခိုင်ပြည်နယ်၊ ဘဏ္ဍာရေး၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းက မြန်မာတိုင်း(မ်)ကို ပြောသည်။ ကာလကတ္တားမှ စစ်တွေသို့ ပင်လယ်ရေကြောင်းဖြင့် ချိတ်ဆက်မည့် သယ်ယူပို့ဆောင်ရေးအပိုင်းသည် ကီလိုမီတာ ၅၄၀ ရှည်လျားမည်ဖြစ်ပြီး စီမံကိန်း၏ အရှည်လျား ဆုံးအပိုင်းဟု ဆိုရမည်ဖြစ်သည်။ ထို့ပြင် စစ်တွေဆိပ်ကမ်းမှ ကုလားတန်မြစ်ကြောင်းတစ်လျှောက် ဖြတ်သန်း၍ ချင်းပြည်နယ်ပလက်ဝအထိ အကွာအဝေး ကီလိုမီတာ ၁၁၀ ကို ပြည်တွင်းရေကြောင်းဖြင့်သွားလာ၍ ပလက်ဝမှ အိန္ဒိယ-မြန်မာနယ်စပ်သို့ အကွာအဝေး ကီလိုမီတာ ၁၁၀ ဖြင့် ကုန်းလမ်းကြောင်း၊ ထို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်အထိ အကွာအဝေးကီလိုမီတာ ၁၀၀ ကို ကုန်းလမ်းကြောင်း ဖြင့် ထပ်မံချိတ်ဆက်မည်ဖြစ်သည်။

"စစ်တွေဧရိယာမှာ ငြိမ်းငြိမ်းချမ်းချမ်းဖြစ်တဲ့အတွက် စစ်တွေဆိပ်ကမ်းနဲ့ ရေကြောင်းပို့ဆောင်ရေးအတွက် ဘာပြဿနာမှ မရှိနိုင်ပါဘူး"ဟု ဦးကျော်အေးသိန်းကဆိုသည်။ ပြီးခဲ့သည့်နှစ်အတွင်း ကုလားတန်ဘက်စုံသုံးသယ်ယူပို့ဆောင်ရေး စီမံကိန်း ၏ အစိတ်အပိုင်းအချို့ကို အေအေလက်နက်ကိုင်အဖွဲ့က တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ချင်းပြည်နယ်၊ ပလက်ဝရှိ တံတားတည်ဆောက်ရေး စီမံကိန်းအတွက် လိုအပ်သော ဆောက်လုပ်ရေး အစိတ်အပိုင်းများ တင်ဆောင်လာသော သင်္ဘောကို အေအေအဖွဲ့ကတိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး အေအေ၏တိုက်ခိုက်မှုကြောင့် တံတားတည်ဆောက်ရေးပြီးစီးရန် နှောင့်နှေးခဲ့သည်။ ယခုအချိန်မှာမူ အဆိုပါ ပလက်ဝတံတားတည်ဆောက်ရေးစီမံကိန်းသည် ပြီးစီးတော့မည်ဖြစ်ပြီး မကြာမီဖွင့်လှစ်ရန် မြန်မာအစိုးရက စီစဉ်လျက်ရှိသည်။ "ဒီကုလားတန် စီမံကိန်းတွေက ပြည်နယ်တိုးတက်ရေး အတွက် အရေးပါတယ်လို့ ခံယူထားတာပဲ။ ဒါပေမဲ့ မြန်မြန်ပြီးစီးဖို့နဲ့ လုပ်ငန်းတွေ ကောင်းကောင်းမွန်မွန်လုပ်နိုင်ဖို့က နယ်မြေတည်ငြိမ်အေးချမ်းရေးက အဓိကကျနေပါတယ်။ နယ်မြေတည်ငြိမ်မှုမရှိတော့ အနှောင့်အယှက်တွေကြောင့် နှောင့်နှေးမှုတွေဖြစ်မှာကို ကျွန်တော်တို့ကစိုးရိမ်တယ်"ဟု ရခိုင်လုပ်ငန်းရှင်များအသင်း အဖွဲ့ဝင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်ဖြစ်သူ ဦးဘတင့်ကပြောသည်။

ကုလားတန်ဘက်စုံသုံးသယ်ယူပို့ဆောင်ရေး စီမံကိန်း ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ချင်းပြည်နယ်၊ ပလက်ဝမှ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ လမ်းဖောက်လုပ်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိနေဆဲဖြစ်သည်။ အဆိုပါ လမ်းပိုင်းဖောက်လုပ်မှုများ မြန်မြန်ဆန်ဆန် အပြီးသတ်နိုင်ရန်လည်း အိန္ဒိယသံရုံးကမျှော်လင့်လျက်ရှိသည်။ အဆိုပါ လမ်းပိုင်းပြီးစီးပါကရေကြောင်းနှင့်ကုန်းကြောင်းဆက်သွယ်ရေးလမ်းကြောင်းများချိတ်ဆက်၍ ရခိုင်ပြည်နယ်နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသတို့ကို ကုန်သွယ်ရေးစီးပွားရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ စီမံကိန်းသည် အိန္ဒိယနိုင်ငံအတွက် ဗျူဟာမြောက်သော စီမံကိန်းတစ်ရပ်ဖြစ်သလို မြန်မာနိုင်ငံအတွက်လည်း ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဆက်စပ်ဒေသများအတွက် ကုန်သွယ်မှုအခွင့်အလမ်းနှင့် အခြား စီးပွားရေးအခွင့်အလမ်းများ ပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။

ကုလားတန်စီမံကိန်းသည် ရခိုင်ပြည်နယ် စီးပွားရေးဖွံ့ဖြိုးရေးအတွက် အကူအညီရရှိမည်ဖြစ်ပြီး ပြည်နယ် အတွင်းရှိ ဒေသခံများအတွက် အကျိုးရှိစေမည့်စီမံကိန်းဖြစ်သည်။ အိန္ဒိယနိုင်ငံက ပြည်နယ်တွင် ဆောင်ရွက်နေသောစီမံကိန်းများအားလုံးသည် ပြည်နယ်အတွင်းရှိ ဒေသခံများကောင်းကျိုးအတွက် အကူအညီပေးမည့် စီမံကိန်းများသာဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်က သံရုံး၏ထုတ်ပြန်ချက်တွင် ထည့်သွင်းပြောဆိုသည်။ ကုလားတန်ဘက်စုံသုံးစီမံကိန်းသည် အိန္ဒိယအစိုးရ၏ ငွေကြေးထောက်ပံ့မှုဖြင့် အကောင်အထည်ဖော်နေခြင်း ဖြစ်ကာ အိန္ဒိယနိုင်ငံမှ နိုင်ငံခြား တိုင်းပြည်များတွက် ပေးအပ်သော အကူအညီပေးရေးဆိုင်ရာ စီမံကိန်းများအနက် အကြီးမားဆုံးစီမံကိန်းတစ်ခုဖြစ်ပြီး ကုန်ကျစရိတ် အမေရိကန် ဒေါ်လာ ၄၈၄ သန်းခန့်ရှိသည်။ ထို့ကြောင့်လည်း အိန္ဒိယအစိုးရသည် စီမံကိန်းအပေါ် အလေးအနက်ထားပြောဆိုနေခြင်းဖြစ်သည်။ "နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိရင် စီမံကိန်းတွေပြီးစီးအောင်မြင်ဖို့ မလွယ်ကူဘူးလေ။ ဒါကြောင့် စီမံကိန်းတွေ ပြီးစီးအောင်မြင်အောင် နှစ်ဖက်ညှိနှိုင်းပြီး ငြိမ်းချမ်းရေးအမြန်ဆုံးလုပ်ကြဖို့မျှော်လင့်ပါတယ်"ဟု ရခိုင် လုပ်ငန်းရှင်များအသင်းအဖွဲ့ဝင် ဒေသခံ စီးပွားရေးလုပ်ငန်းရှင် ဦးဘတင့်ကပြောသည်။

ရခိုင်ပြည်နယ်သည် နိုင်ငံ၏ကုန်သွယ်ရေးအပြင် ကမ္ဘာ့ကုန်သွယ်ရေးလမ်းကြောင်းအတွက်လည်း မဟာဗျူဟာကျသော အချက်အချာနေရာတွင်ရှိနေသည်။ ထို့ပြင် ပြည်နယ်အတွင်း သဘာဝသယံဇာတ အရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျလျက်ရှိသော ပြည်နယ်တစ်ခုအဖြစ်ရှိနေဆဲဖြစ်သည်။ အိန္ဒိယ၏ ကုလားတန်စီမံကိန်းအပြင် တရုတ်ကျောထောက် နောက်ခံဖြင့် အကောင်အထည်ဖော်ရန်တာစူနေသော ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံကိန်းတို့သည် ရခိုင်ပြည်နယ်အတွင်းရှိနေသည်။ နိုင်ငံတကာစီမံကိန်းကြီးများက ရခိုင်ပြည်နယ်အတွင်း အပြိုင်အဆိုင်စတင်ရန် တာစူနေသော်လည်း နယ်မြေမတည်ငြိမ်မှုများက ပြည်နယ်၏စီးပွားရေးတိုးတက်မှုကို အကန့်အသတ်များဖြစ်နေစေပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း အတားအဆီးတစ်ခုအဖြစ် ခြိမ်းခြောက်လျက်ရှိနေဆဲဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/134590.html

## စက်သုံးဆီနှင့် ဒေါ်လာဈေးများ သုံးလတာအတွင်း အကျဈေးဖြင့် ငြိမ်

**ငွေလဲလှယ်နှုန်းနှင့် စက်သုံးဆီဈေးနှုန်းများ ပြည်တွင်း ဈေးကွက်တွင် သုံးလနီးပါးကာလအတွင်း အကျဈေးဖြင့် ငြိမ်လျက်ရှိသည်။** ကန်ဒေါ်လာ ငွေလဲလှယ်နှုန်းသည် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁ ရက်ဈေးနှုန်းအရ တစ်ဒေါ်လာလျှင် ၁၅၂၂ ဒသမ ၄ ကျပ်ဈေးဖြင့် ရှိနေခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၄၆၅ ကျပ်ဖြင့် ငြိမ်နေခဲ့သည်။ ယင်းပမာဏသည် သုံးလတာကာလအတွင်း တစ်ဒေါ်လာလျှင် ၅၇ ကျပ်ကျော်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဒေါ်လာဈေးနှုန်းကျဆင်းငြိမ်သက်နေခြင်းသည် ကုန်သွယ်မှုကဏ္ဍတွင် လိုငွေကွာဟချက်နည်းလာခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များကရင်းနှီးမြှုပ်နှံမှုကို ချိန်ဆလုပ်ကိုင်နေကြခြင်းများကြောင့်ဖြစ်သည်ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင် လေးက ပြောထားသည်။

စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကာလသတ်မှတ်ချက် မကြေညာသေးခြင်းနှင့် စီးပွားရေးမကောင်းမွန်ခြင်းကြောင့် ငွေကြေးရင်းနှီးမြှုပ်နှံမှုများအတွက် စောင့်ကြည့်ကာလအဖြစ်ရှိနေသည်ဟု ၎င်းကပြောသည်။ ပြည်တွင်းလုပ်ငန်းရှင်များ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုလျော့နည်းနေခြင်းက နိုင်ငံခြားငွေသုံးစွဲမှုကိုလျော့နည်းနေစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်ဟု ၎င်းကပြောသည်။ ကုန်သွယ်မှုကဏ္ဍတွင်မူ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာမှ ဇန်နဝါရီ

၁၇ ရက်အထိ မြန်မာနိုင်ငံ၏ ပို့ကုန်ပမာဏသည် ကန်ဒေါ်လာ ၄ ဒသမ ၂၈ ဘီလျံတင်ပို့နိုင်ခဲ့သော်လည်း ယခု ၂၀၁၉-၂၀ ကာလတူတွင် ကန်ဒေါ်လာ ၅ ဒသမ ၄၃ ဘီလျံအထိ တင်ပို့ထားသည်။ ထို့အတွက် ယခုဘဏ္ဍာနှစ်တွင် နိုင်ငံခြားငွေစီးဝင်မှု ၁ ဒသမ ၁၅ ဘီလျံကျော် ပိုမိုရရှိထားသည်။ သွင်းကုန်ပိုင်းတွင်လည်း ယခင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၅ ဒသမ ၂၉ ဘီလျံ သွင်းယူထားပြီး ယခုဘဏ္ဍာနှစ်တွင် ၅ ဒသမ ၈၅ ဘီလျံသွင်းယူခဲ့သဖြင့် တင်သွင်းမှုပမာဏ ဒေါ်လာ ၅၆၃ သန်းသာ များခဲ့သည်။

အီရန်နှင့် အမေရိကန်တို့၏ တင်းမာနေမှုအခြေအနေများကြောင့် စိုးရိမ်ဖွယ်ရှိခဲ့သည့် စက်သုံးဆီဈေး နှုန်းများသည်လည်း အကျဘက်သို့သာ ဆက်တိုက် ဦးတည်နေခဲ့သည်။ ဇန်နဝါရီ ၃ ရက် အမေရိကန်၏ လေကြောင်းတိုက်ခိုက်မှုတစ်ရပ်ကြောင့် အီရန်ထိပ်တန်းစစ်ဗိုလ်ချုပ်တစ်ဦး သေဆုံးခဲ့ခြင်းနှင့်အတူ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ အနည်းငယ်မြင့်တက်ခဲ့သည်။ ယင်း အခြေအနေကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းသည် ဇန်နဝါရီ ၃ ရက်တွင် ရေနံစိမ်းတစ်စည်ကို ကန် ၆၃ ဒသမ ဝ၃ ဒေါ်လာမှ ဇန်နဝါရီ ၆ တွင် ကန် ၇၀ ဒသမဝ၂ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ပြည်တွင်း ရန်ကုန်ဈေးကွက်တွင်မူ တစ်လီတာဈေး ၉၂ ခေတ်ဆီ ၈၉၅ ကျပ်၊ ၉၅ ခေတ်ဆီ ကျပ် ၉၉၀၊ ၅၀၀ စစာ ရိုးရိုးဒီဇယ် ၉၇၅ ကျပ်နှင့် ၅၀ စစာ ပရီမီယံဒီဇယ် ကျပ် ၉၉၀ ဖြစ်သည်။

ယခု ဇန်နဝါရီ ၂၉ ရက်တွင်ကမ္ဘာ့ရေနံဈေးနှုန်းသည် တစ်စည်ကို ၅၉ ဒသမ ၃၆ ဒေါ်လာအထိ ဈေးကျဆင်းနေခဲ့ သည်။ ပြည်တွင်းဈေးကွက်တွင်မူ ၉၂ ခေတ်ဆီ ၈၂၅ ကျပ်၊ ၉၅ ခေတ်ဆီ ကျပ် ၉၃၀၊ ၅၀၀ စစာ ရိုးရိုးဒီဇယ် ကျပ် ၉၂၀ နှင့် ၅၀စစာ ပရီမီယံဒီဇယ် ကျပ် ၉၃၀ အထိ ဈေးနှုန်းများ ကျဆင်းခဲ့သည်။ ၎င်းနှုန်းထားများအရ ရက်သတ္တပတ်သုံးပတ်တာအတွင်း ပြည်တွင်းစက်သုံးဆီအမျိုးအစားအားလုံး၏ တစ်လီတာနှုန်းထားသည် ကျပ် ၆၀ မှ ၇၀ အထိဈေးကျခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/134611.html

## တရုတ်အာလူးကြောင့် မြန်မာအာလူးစိုက်တောင်သူများ အရှုံးပေါ်နေ

မြန်မာနိုင်ငံထဲကို တရုတ်နိုင်ငံဘက်ကနေအာလူးတွေ အကန့်အသတ်မရှိ တင်သွင်းနေတာကို အစိုးရက ထိန်းချုပ်ခြင်း မရှိတဲ့အတွက် ပြည်တွင်းဒေသထွက် အာလူးတွေဈေးကောင်း မရတော့ဘဲ မြန်မာအာလူးစိုက်တောင်သူတွေ အရှုံးပေါ်ပြီး အခက်တွေ့ကြုံနေရပါတယ်။ အာလူးမျိုးတွေကို ပြည်ပကနေ တပိဿာ ကျပ် ၂၀၀၀ ဝန်းကျင် အခွန်ဆောင်ဝယ်ယူ စိုက်ပျိုးနေရပြီး ဈေးကွက်မှာ ပြန်ရောင်းရင် တပိဿာ ၇၀၀ ဝန်းကျင်သာရရှိတဲ့အတွက် အရှုံးနဲ့ရင်ဆိုင်ရတာပါ။ တရုတ် အာလူးတွေဟာ ရန်ကုန်၊ မန္တလေးတွေမှာအဝင်များပြီး ဈေးပေါပေါနဲ့ရတဲ့အတွက် ဒေသထွက်အာလူးကို ဝယ်လိုအား လျော့သွားတာဖြစ်ပါတယ်။ တရုတ်အာလူးဝင်လာတဲ့အတွက် အာလူးစိုက်တောင်သူတွေအပြင် ပွဲရုံတွေလည်း အခက်အခဲ ဖြစ်စေတယ်လို့ အောင်ပန်းမြို့ ရွှေသရဖူအာလူးပွဲရုံက ဦးခွန်မောင်ပေါ်ကပြောပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းဒေသမှာ အာလူးစိုက်ခင်းဧက သောင်းဂဏန်းရှိပြီး၊ တစ်နှစ်ကို သုံးကြိမ် စိုက်ပျိုးကြ ပါတယ်။ ဈေးကွက်အာမခံမရှိတဲ့အပြင် တရုတ်အာလူးက ဘယ်လိုလမ်းကြောင်းကြောင့် တင်သွင်းခွင့်ရနေတာလည်းဆိုတာ မသိပေမယ့် အခုနှစ်မှာ မြန်မာအာလူးစိုက်တောင်သူတွေကတော့ အရှုံးနဲ့ရင်ဆိုင်နေကြရပါတယ်။

ပင်လောင်းဒေသမှာ အာလူးစိုက်တောင်းသူတွေအတွက် အစိုးရအနေနဲ့ မြေပြင်ပေးတာ၊ စိုက်ပျိုးရေး စနစ်ပေးတာ၊ ကွင်းဆင်းsurvey ပြုလုပ်တာတွေမရှိတဲ့အတွက် မိရိုးဖလာနဲ့ စိုက်ပျိုးလာတဲ့ တောင်သူက အများစုဖြစ်ပါတယ်။ တကယ်လို့ တရုတ်ပြည်ကနေ သွင်းလာတဲ့အာလူးတွေကို ထိန်းချုပ်မှုမရှိရင် ပြည်တွင်းအာလူးစိုက်တောင်သူတွေ ပျောက်ကွယ် သွားနိုင်တဲ့အနေအထားရှိနေတယ်လို့ တောင်သူတွေကပြောပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဟဲဟိုး၊ ကလော၊ တောင်ကြီး၊ ရပ်စောက်၊ ဆီဆိုင်၊ ညောင်ရွှေဒေသမှာ အာလူးစိုက်ပျိုးမှုအနည်းကျဉ်းရှိပေမယ် ပင်လောင်မြို့နယ်မှာ အာလူးကို အဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါတယ်။

**Source : DVB**

https://news.ydnp.net/327392/

## ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးဒေသတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု စံချိန်တင်ရရှိခဲ့ခြင်း

ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် ဘယ်လ်ဂျီယံနိုင်ငံ၊ ဖလန်းဒါးဒေသသို့ ပြည်ပရင်းနှီး မြှုပ်နှံမှုအများအပြား ဝင်ရောက်ခဲ့ပြီး၊ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအားလုံးမှရင်းနှီးမြှုပ်နှံမှုပမာဏ ယူရို(၅.၂) ဘီလီယံရှိခဲ့ကြောင်း၊ အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှ အလုပ်အကိုင် အသစ် (၅၄၀၀)ကိုဖန်တီးပေးခဲ့ကြောင်း ဖလန်းဒါးရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ( Flanders Investment and Trade-FIT ) က ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗို့စ်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် မီဒီယာများသို့ ထုတ်ဖော်ပြောကြားသည့် စာရင်းဇယားများအရ သိရှိရကြောင်း၊ စီမံကိန်းလုပ်ငန်းအသစ် (၂၅၈)ခုတွင် ရင်းနှီးမြှုပ်နှံမှုမှာ ယူရို(၅.၈) ဘီလီယံရှိကြောင်း VRT သတင်းဌာန၏ ၂၂.၁.၂၀၂၀ နေ့တွင် သတင်းထုတ်ပြန်ချက်အရ သိရှိရပါသည်။ မိမိတို့ အနေဖြင့် ထိုသို့မြင့်မားသည် ရင်းနှီးမြှုပ်နှံမှုပမာဏကိုရခဲ့ဖူးခြင်းမရှိသေးကြောင်းနှင့် ယခုရရှိခဲ့သည့် ရင်းနှီးမြှုပ်နှံမှုစာရင်း ဇယားများမှာ စံချိန်တင်ဖြစ်ကြောင်း၊ ဖလန်းဒါးဝန်ကြီးချုပ် Mr.Jambon က သတင်းထောက်များအား ပြောကြားခဲ့ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သည့်ကဏ္ဍမှာ ဓါတုဗေဒလုပ်ငန်း ကဏ္ဍ ဖြစ်ပြီး၊ အမေရိကန်နိုင်ငံသည် အများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံမှ ဒုတိယအများဆုံးရင်းနှီးမြှုပ်နှံထားပြီး ဗြိတိန်နိုင်ငံသည် တတိယနေရာတွင် ရှိနေကြောင်းသိရှိရပါသည်။ ဗြိတိန်နိုင်ငံသည် ဖလန်းဒါးဒေသ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုအဆင့် (၇)မှ အဆင့် (၃) သို့ တိုးတက် ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းအများအပြားသည် ဗြိတိန်နိုင်ငံမှ ဥရောပအနောက်ပိုင်းသို့ ရွှေ့ပြောင်း လာကြခြင်းဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်း(၅၀) ခန့်သည် ဖလန်းဒါးဒေသတွင် လုပ်ငန်းများတည်ထောင်လုပ်ကိုင်နေကြပြီး၊ ထပ်မံလာရောက်ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများစွာနှင့်လည်း လုပ်ငန်းဆောင်ရွက်မှုရှိနေကြောင်း၊ ဗြိတိန်ခွဲထွက်မှုကိစ္စရပ် (Brexit)သည် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်သည်မှာ ရှင်းလင်းသိသာသည့်အချက်ဖြစ်သည်ဟု Mr.Jambon က ဆက်လက် ပြောကြားခဲ့သည်ဟု အဆိုပါသတင်းကဖော်ပြထားပါသည်။

Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်

## နိုဗယ်ကော်ရိုနာရောဂါပိုး (2019-nCoV) ဖြစ်ပွားမှုကြောင့် သက်ရောက်မှုရှိသော စီးပွားရေးလုပ်ငန်းများနှင့်လုပ်သားများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူအစိုးရက သတင်းထုတ်ပြန်

ကမ္ဘာ့စီးပွားရေးအခြေအနေ ပြန်လည်တည်ငြိမ်လာစအချိန်မှာပင် နိုဗယ်ကော်ရိုနာရောဂါပိုး (2019-nCoV) ကူးစက်မှု ရုတ်တရက်ဖြစ်ပေါ်လာခြင်းကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိသော လုပ်ငန်းကဏ္ဍများကို အထောက်အပံ့ပေးသွားမည် ဖြစ်ကြောင်းနှင့် စင်ကာပူအစိုးရ၏ ဘတ်ဂျက် (ရသုံးမှန်းခြေငွေစာရင်း) ၂၀၂၀ တွင် ထောက်ပံ့ပေးမည့်အစီအမံ အသေးစိတ် အပြည့်အစုံကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း စင်ကာပူဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန တို့က ၁ - ၂ - ၂၀၂၀ ရက်နေ့တွင် ပူးတွဲသတင်းထုတ်ပြန်ခဲ့ပါသည်။

အဆိုပါရောဂါပိုးကြောင့် ကနဦးစီးပွားရေးအပေါ်သက်ရောက်မှုအနေဖြင့် ချန်ဂီလေဆိပ်မှ တစ်ဆင့် လေကြောင်း ဖြတ်သန်းသွားလာမှုကျဆင်းခြင်းနှင့် ခရီးသည်များ၏ ဟိုတယ်အခန်းများ ကြိုတင်မှာယူထားခြင်းကို စာရင်းပယ်ဖျက်မှုများ မြင့်တက်လာခြင်းတို့ကြောင့် သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးလုပ်ငန်းကဏ္ဍများသည် ထိခိုက်မှု အများဆုံးဖြစ်ပေါ် ကြောင်း၊ ထို့ပြင်အခြားဆက်စပ်သည့် စီးပွားရေးလုပ်ငန်းကဏ္ဍများကိုလည်း သွယ်ဝိုက်ပြီးသက်ရောက်မှုရှိမည်ဟု တွက်ဆထား ပါကြောင်း၊ တိုက်ရိုက်ထိခိုက်မှုရှိသော လုပ်ငန်းကဏ္ဍများကို ဦးတည်သည့် အထောက်အပံ့များကို စီမံဆောင်ရွက်ပေးသွား မည်ဟု စင်ကာပူ၏ဒုတိယသမ္မတနှင့်ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Mr Heng Swee Keat က ၁ - ၂ - ၂၀၂၀ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

ကော်ရိုနာရောဂါပိုးဖြစ်ပွားမှုအခြေအနေအပေါ်မူတည်၍ စင်ကာပူ၏ စီးပွားရေးအပေါ်သက်ရောက်မှုသည် ပိုမို ကျယ်ပြန့်လာနိုင်ကြောင်း၊ ဤအခြေအနေသည် စီးပွားရေးနှင့်အလုပ်အကိုင်အခြေအနေ မသေချာမရေရာမှုများကို ဖြစ်ပေါ် စေကြောင်း၊ စင်ကာပူအစိုးရသည် လာမည့်ကာလများတွင် ဖြစ်ပေါ်လာနိုင်သော စီးပွားရေးနှေးကွေးမှုအတွက် စီးပွားရေး လုပ်ငန်းများနှင့်လုပ်သားများကို အထောက်အကူပြုနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ အလားအလာရှိသော

ကုမ္ပဏီများ ဆက်လက်ရပ်တည်နိုင်ရေးနှင့် လုပ်သားများအလုပ်အကိုင်တည်မြဲမှုရှိရေးတို့အတွက် ပံ့ပိုးပေးမည့် အစီအမံများတွင် (၁) လုပ်ငန်းများ၏ကာလတို ငွေသားသုံးစွဲမှုလိုအပ်ချက်ကို အထောက်အကူပြုခြင်း၊ (၂) လုပ်သားများအား ဆက်လက်ခန့်ထားနိုင်ရေးနှင့် လေ့ကျင့်သင်တန်းပေးနိုင်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် လုပ်ခလစာများ၏ တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အစိုးရမှ အထောက်အကူပြုပေးမည့် အစီအမံအသေးစိတ်ကို ၁၈ – ၂ – ၂၀၂၀ ရက်နေ့တွင် ပြုလုပ်မည့် စင်ကာပူအစိုးရ၏ ဘတ်ဂျက် ၂၀၂၀ တွင် ထည့်သွင်း ကြေညာသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**Source: Press Release, Ministry of Finance, Ministry of Trade and Industry, Singapore**

**စီးပွားရေးသံမှူး–စင်ကာပူ**

## စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့က နိုဗယ်ကော်ရိုနာရောဂါပိုး (2019–nCoV) ဖြစ်ပွားမှုကြောင့် ထိခိုက်မှုရှိသော ခရီးသွားလုပ်ငန်းများကို ပံ့ပိုးပေးမည့် ကနဦးအစီအမံများကို ထုတ်ပြန်ကြေညာ

နိုဗယ်ကော်ရိုနာရောဂါပိုး ကူးစက်ပြန့်ပွားမှုကြောင့် တိုက်ရိုက်ထိခိုက်မှုရှိသော ခရီးသွားလုပ်ငန်းများကို ကူညီပံ့ပိုးပေးနိုင်ရန် ကနဦးအစီအမံတစ်ခုအဖြစ် ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများ၏ လုပ်ငန်းလိုင်စင်ခများပေးသွင်းရန်လိုအပ်ချက်ကို ကင်းလွတ်ခွင့်ပြုခြင်းနှင့် ရောဂါပိုးကူးစက်ခံရသူနှင့် ရောဂါကူးစက်နိုင်သည်ဟု သံသယရှိသူအဖြစ် သတ်မှတ်ခြင်းခံရသူများက တည်းခိုနေထိုင်ခဲ့သည့် ဟိုတယ်များ၏သန့်ရှင်းရေးနှင့်ပိုးသတ်ခြင်း ကုန်ကျစရိတ်များကို ကျခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန လက်အောက်ရှိ စင်ကာပူခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (Singapore Tourism Board – STB) က ၂– ၂ – ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ရောဂါပိုးဖြစ်ပွားမှုကြောင့် အထူးသဖြင့် တရုတ်နိုင်ငံမှ ခရီးသည်ဝင်ရောက်မှု ကျဆင်းသဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍအပေါ် တိုက်ရိုက်ထိခိုက်မှုရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံမှ ခရီးသည်ဝင်ရောက်မှုသည် စင်ကာပူသို့လာရောက်သော စုစုပေါင်းနိုင်ငံခြားခရီးသည်ဝင်ရောက်မှု၏ ၂၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုကြောင်း၊ ၂၀၁၉ ခုနှစ်တွင် တရုတ်ခရီးသည် ၃.၆ သန်းခန့် လာရောက်ခဲ့ကြောင်း ဖော်ပြထားပါသည်။ STB သည် ခရီးသွားလုပ်ငန်းများမှ ရင်ဆိုင်နေရသည့် အခက်အခဲများနှင့် သက်ရောက်မှုများကို သိရှိနားလည်နိုင်ရန် ၎င်းတို့နှင့် အနီးကပ်ဆက်သွယ်မေးမြန်းမှုများပြုလုပ်ခဲ့ကြောင်း၊ ဤ အခြေအနေမှာ ဆက်လက်ဖြစ်ပွားနေဖွယ်ရှိနေသည့်အတွက် လုပ်ငန်းများအား အမြန်ဆုံးထောက်ပံ့ပေးရန်နှင့် လုပ်ငန်းများ၏ ယုံကြည်မှုကို တည်ဆောက်ပေးရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ အတွက် ထိရောက်သောနည်းလမ်းများကို ဆက်လက်ဖော်ထုတ်၍ ကူညီပေးသွားမည်ဖြစ်ပြီး၊ သို့မှသာ ရောဂါထိန်းချုပ်မှုအခြေအနေ တိုးတက်ကောင်းမွန်လာသည်နှင့်တစ်ပြိုင်နက် အလျင်အမြန်ပြန်လည်တိုးတက်မှုရရှိနိုင်မည်ဖြစ်ကြောင်း STB ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr Keith Tan က ပြောကြားပါသည်။

ကနဦးအစီအမံတွင် ကော်ရိုနာရောဂါပိုးကူးစက်ခံရသူများ တည်းခိုနေထိုင်ခဲ့သည့် ဟိုတယ်များအတွက် အများဆုံး စင်ကာပူဒေါ်လာ ၂၀,၀၀၀ သတ်မှတ်ချက်ဖြင့်လည်းကောင်း၊ ရောဂါကူးစက်နိုင်သည်ဟု သံသယရှိသူအဖြစ်သတ်မှတ်ခြင်းခံရသူများ တည်းခိုနေထိုင်ခဲ့သည့် ဟိုတယ်များအတွက် အများဆုံး စင်ကာပူဒေါ်လာ ၁၀,၀၀၀ သတ်မှတ်ချက်ဖြင့်လည်းကောင်း တတိယအဖွဲ့ အစည်း၏ သန့်ရှင်းရေးနှင့် ပိုးသတ်ခြင်း ကုန်ကျစရိတ်များ၏ ၅၀ ရာခိုင်နှုန်းအထိကို ကျခံပေးသွား မည်ဖြစ်ကြောင်း၊ ဤအစီအစဉ်သည် စင်ကာပူတွင် ပထမဆုံး ရောဂါပိုးတွေ့ရှိခဲ့သည့် ၂၃ –၁ – ၂၀၂၀ ရက်နေ့မှစ၍ အကြုံးဝင်ကြောင်း၊ STB သည် အခြားပံ့ပိုးကူညီမှုများ လိုအပ်ခြင်းရှိ၊ မရှိ ဆက်လက်သုံးသပ်သွားမည်ဖြစ်ပြီး၊ ဟိုတယ်များက ကုန်ကျစရိတ်များအတွက် လျှောက်ထားမှုများကို ၁၀ – ၂ – ၂၀၂၀ ရက်နေ့မှ ၃၀ – ၂ – ၂၀၂၀ ရက်နေ့အထိ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ၂၀၂၀ ခုနှစ်၊ လက်ကျန်ကာလများတွင် ဟိုတယ်လိုင်စင်ခများကို ဟိုတယ်လိုင်စင်ထုတ်ပေးရေးဘုတ်အဖွဲ့က ကင်းလွတ်သက်သာခွင့်ပေးမည်ဖြစ်ပြီး၊ အလားတူ ၂၀၂၀ ခုနှစ်တွင် သက်တမ်းတိုးရမည့် ခရီးသွားလုပ်ငန်းအေဂျင်စီများနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများသည် လိုင်စင်သက်တမ်းတိုးခများကို ပေးချေ ရန် မလိုအပ်ကြောင်း၊ ရောဂါဖြစ်ပွားမှုကြောင့် အစိုးရကပံ့ပိုးပေးမည့် အသေးစိတ်အစီအမံများကို ၁၈ – ၂ – ၂၀၂၀ ရက်နေ့တွင် ပြုလုပ်မည့် စင်ကာပူအစိုးရ၏ ဘတ်ဂျက် ၂၀၂၀ တွင် ထည့်သွင်း ကြေညာသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပါသည်။

**Source: Singapore Tourism Board, စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ စင်ကာပူမြို့**

# STOCK EXCHANGE (30.1.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 30th Jan. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,500 | 11,500 | 11,000 | 859 | 9,519,000 | 27,112,747 | 298,240 |
| MTSH | 00002 | 4,000 | +100 | +2.56% | 3,950 | 4,000 | 3,950 | 12,596 | 50,075,150 | 38,929,150 | 155,717 |
| MCB | 00003 | 8,300 | +200 | +2.47% | 8,300 | 8,300 | 8,300 | 10 | 83,000 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 16 | 368,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 113 | 322,050 | 12,823,224 | 36,546 |

## Market summary

As of 30th Jan. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 462.78 | +4.37 | +0.95% | 469.74 | 471.26 | 461.36 | 13,594 | 60,367,200 | 5 | 633,688 |

### Index chart




## Market Overview

As of 1:00 pm, 30th Jan. 2020

| MYANPIX | 462.78 ▲ 4.37 |
|---|---|
| Total Volume (shares) | 13,594 |
| Total Value (MMK) | 60 mil |
| Listed Company | 5 |
| Market Cap. (MMK) | 633,688 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 4,000 | ▲ 100 |
| MCB | 00003 | 8,300 | ▲ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |